# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လူ့အခွင့်အရေးအခြေအနေ
# အနှစ်ချုပ် ခြုံငုံတင်ပြချက်


လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၉)

ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၂၄

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်းထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ထွက်ရှိသော အဖွဲ့အစည်း နှစ်ခု၏ အစီရင်ခံစာနှစ်စောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း/ဆောင်းပါး အပုဒ်ရေ ၇၅၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားထားသည်။ ဒီဇင်ဘာလအတွင်း အနှစ်ချုပ် လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ အမျိုးသမီးများအပေါ် သက်ရောက်နေသော မမျှတသည့် ဝန်ထုပ်ဝန်ပိုးများ

၂။ ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင် စစ်ကောင်စီကျူးလွန်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများ

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်း ဖော်ပြချက်များ

၁။ ရွှေဝါရောင်ဆရာတော်ဦးပညာဇောတကို စစ်ကောင်စီမှ အမှုဖွင့်အရေးယူ

၂။ နေပြည်တော် နှင့် မန္တလေးတွင် စစ်သားသစ် စုဆောင်းနေသော စစ်ကောင်စီ

၃။ ဆေးဝါးကုသခွင့်မရရှိသည့်အတွက် သေဆုံးခဲ့ရသော မုံရွာရဲစခန်းက နိုင်ကျဉ်းတဦး

၄။ နာမည်ကြောင့် ပိတ်သိမ်းခံခဲ့ရသော ‘မုဆိုးမတို့ရွာ’ အမည်ရ မုန့်ဟင်းခါးဆိုင်

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

## ၁။ အမျိုးသမီးများအပေါ် သက်ရောက်နေသော မမျှတသည့် ဝန်ထုပ်ဝန်ပိုးများ

“အမျိုးသမီးများအပေါ် သက်ရောက်နေသော မမျှတသည့် ဝန်ထုတ်ဝန်ပိုးများ” အမည်နဲ့ သုတေသန စာတမ်းကို ISP–Myanmar က ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက် မှာ ထုတ်ဝေခဲ့ပါတယ်။

ဒီစာတမ်းဟာ ၂၀၂၄ ခုနှစ် မတ်လမှ ဩဂုတ်လထိ ၆ လအတွင်း မြို့နယ် ၁၁၀ မှ observatory method နည်းနဲ့ ကောက်ယူရရှိခဲ့တဲ့ တွေ့ရှိချက်တွေကို တင်ပြထားတာ ဖြစ်ပါတယ်။ မေးခွန်းများပြင်ဆင်ခြင်းအတွက် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တယ်လို့ သုတေသန နည်းနာမှာ ဖော်ပြထားပါတယ်။ စာတမ်းမှာ မြန်မာနိုင်ငံက ပြည်သူတွေ (အထူးသဖြင့် အမျိုးသမီးတွေ) ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကဏ္ဍလေးရပ်နဲ့ ရှင်းပြထားပါတယ်။

ပထမဆုံး မြန်မာပြည်သူတွေ နေ့စဉ်ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တင်ပြထားပါတယ်။ အများဆုံးကြုံတွေ့နေရတဲ့ အခက်အခဲကတော့ လျှပ်စစ်မီး ပြတ်တောက်တာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိတာတွေ ဖြစ်ပြီး ဆေးဝါး၊ စားနပ်ရိက္ခာ၊ လောင်စာဆီ ပြတ်တောက်မှုတွေလည်း ရှိနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အခြေခံစားသောက်ကုန်တွေ ဖြစ်တဲ့ ဆန်၊ စားအုန်းဆီတို့ကလည်း အဆမတန် မြင့်တက်လာပြီး စစ်ကောင်စီက သတ်မှတ်တဲ့ ရည်ညွှန်းဈေးထက် ပြင်ပပေါက်ဈေးကလည်း နှစ်ဆလောက် များနေတယ်လို့ ဖော်ပြထားပါတယ်။ ဒုတိယတပိုင်းအနေနဲ့ ပြည်သူ့ဝန်ဆောင်မှုအရည်အသွေးများ နိမ့်ကျလာမှုကို ရှင်းပြထားပါတယ်။ ကျန်းမာရေးမှာ စစ်ကောင်စီဆေးရုံတွေကပေးနိုင်တဲ့ ဝန်ဆောင်မှုထက် ပုဂ္ဂလိကဆေးရုံ ဆေးပေးခန်းတွေကို ပိုပြီးအားကိုးနေရတယ်လို့ ဆိုပါတယ်။ အလားတူ ပညာရေးမှာလည်း စစ်ကောင်စီကဖွင့်တဲ့ ကျောင်းတွေကို မတက်ရောက်ရင် ပြည်တွင်းပုဂ္ဂလိက ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ NUG က ဖွင့်လှစ်တဲ့ အွန်လိုင်းကျောင်းတွေကို တက်ရောက်ကြတယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် မြို့နယ်တော်တော်များမှာ ရှိတဲ့ စစ်ကောင်စီရုံးတွေမှာလည်း ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် လာဘ်ထိုးနေရပါတယ်။ တတိယကဏ္ဍအနေနဲ့ လောင်းကစား၊ မူးယစ်ဆေးဝါးများ အလွန်ပေါများလာပြီး ဒါတွေရဲ့ နောက်ဆက်တွဲ သက်ရောက်မှုတွေကိုလည်း ဖော်ပြထားပါတယ်။ မြို့နယ်တွေမှာ ဆေးပြား၊ ဆေးခြောက်၊ ကော်ရှူ စတဲ့ မူးယစ်ဆေးဝါးတွေ အများဆုံး သုံးစွဲနေကြပါတယ်။ ဒါ့အပြင် မြို့နယ် ၁၁၀ ထဲက ပျမ်းမျှ ၉၂ မြို့နယ်လောက်မှာ လောင်းကစားလုပ်ငန်းတွေ တွင်ကျယ်နေတယ်လို့ ဆိုပါတယ်။ သက်ရောက်မှုတွေထဲမှာ အမျိုးသမီးတွေ အိမ်တွင်းအကြမ်းဖက်ခံရတာက ဒုတိယအများဆုံး ဖြစ်နေပါတယ်။ နောက်ဆုံးအနေနဲ့ ရာသီဥတုကပ်ဘေးကြောင့် ထိခိုက်နစ်နာမှုတွေ ဖြစ်ပါတယ်။ နွေရာသီမှာ အပူလွန်ကဲတာ၊ မိုးရာသီမှာ ရေကြီးရေလျှံတာတွေကြုံတွေ့နေရပြီး ဒီရာသီဥတုကပ်ဘေးတွေကြောင့် စိုက်ပျိုးသီးနှံတွေ ပျက်စီးတာ၊ စားဝတ်နေရေးခက်ခဲတာ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတွေ ကြုံတွေ့ခဲ့ရပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ရပ်ရွာတွင်းကိုယ်ထူကိုယ်ထအဖွဲ့တွေ၊ ပရဟိတအဖွဲ့တွေကပဲ ကူညီပေးနေရပြီး ဘယ်ကမှ အကူအညီမရတဲ့ မြို့နယ်တွေလည်း ရှိနေပါတယ်။

အနှစ်ချုပ်ရမယ်ဆိုရင် မြန်မာပြည်သူတွေအနေနဲ့ စစ်ဘေးသင့်နေတဲ့အပြင် နေ့စဉ်လူမှုစီးပွားဘဝရိုက်ချက်တွေကိုပါ ခံစားနေရပြီး အထူးသဖြင့် အမျိုးသမီးတွေမှာ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ လုံခြုံမှု မရှိရတာကို ဖော်ပြထားပါတယ်။

## ၂။ ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင် စစ်ကောင်စီကျူးလွန်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများ

“ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင် စစ်ကောင်စီကျူးလွန်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများ” စာတမ်းကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND – Burma) က ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ဝေခဲ့ပါတယ်။

ND–Burma အဖွဲ့ဝင် အဖွဲ့အစည်းများက ကွင်းဆင်းလေ့လာရရှိတဲ့ အချက်အလက်တွေနဲ့ အွန်လိုင်းသတင်းတွေကို အခြေခံရေးသားထားပြီး စစ်ကောင်စီအနေနဲ့ ၎င်းတို့ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေဖို့နဲ့ သက်သေ ထိန်းသိမ်းဖို့ရည်ရွယ်ကာ လုပ်ဆောင်ခဲ့တာ ဖြစ်တယ်လို့ အစီရင်ခံစာမှာ ဆိုထားပါတယ်။

စာတမ်းမှာ စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုတွေလုပ်ဆောင်တဲ့အပြင် လေကြောင်းတိုက်ခိုက်ခံရတဲ့ စစ်ရှောင်နေရာတွေကိုလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ မရရှိစေဖို့ အတားအဆီးအဖြစ် လုပ်ဆောင်လျက်ရှိနေတယ်လို့ ဆိုပါတယ်။ လေကြောင်းတိုက်ခိုက်မှုတွေကလည်း အထူးသဖြင့် ကျေးလက်နေပြည်သူတွေရဲ့ အသက်မွေးဝမ်းကြောင်းမှုတွေကို ပျက်စီးစေတဲ့အပြင် အဲ့ဒီကျေးရွာတွေက ပြည်သူတွေရဲ့ ကျွဲ၊ နွားတွေနဲ့ ပစ္စည်းဥစ္စာတွေကို စစ်ကောင်စီက ယူဆောင်သွားတဲ့အတွက် ပြည်သူတွေရဲ့ဘဝက ပိုပြီးဆိုးရွားလာခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။ ဒါ့ပြင် လေကြောင်းတိုက်ခိုက်မှုတွေကြောင့် ပြည်သူတွေဟာ ကျီးလန့်စာစားနေထိုင်နေရပြီး ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်ဆုံးရှုံးမှုတွေ ပိုကြီးလာရတယ်လို့ ဆိုပါတယ်။

စစ်ကောင်စီရဲ့ ကျူးလွန်မှုတွေကို အရေးယူဖို့ နိုင်ငံတကာဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေတာကိုလည်း ရိုဟင်ဂျာအရေးအပေါ် ICC ရှေ့နေချုပ်က စစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို ဖမ်းဝရမ်းထုတ်ဖို့ တောင်းဆိုနိုင်ခဲ့တာနဲ့ သာဓကပြ ဖော်ပြထားပါတယ်။ တဖက်မှာလည်း တရုတ်၊ ရုရှား၊ အိန္ဒိယတို့က စစ်ရှောင်ပြည်သူတွေရဲ့ နိုင်ငံရေးခိုလှုံခွင့်တွေကို ငြင်းပယ်ခြင်း၊ အိမ်နီးချင်း ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတွေကလည်း ကြားဝင်မစွက်ဖက်ရေးမူကို ကိုင်ဆောင်ကာ စစ်အာဏာရှင်တို့ရဲ့ အကြမ်းဖက်မှုကို အားပေးနေတဲ့ ကိစ္စရပ်တွေ ရှိနေသေးတယ်လို့ ဆိုပါတယ်။

အကျဉ်းချုပ်ဆိုရရင် လေကြောင်းတိုက်ခိုက်မှုလိုမျိုး စစ်ကောင်စီက ကျူးလွန်တဲ့ စစ်ရာဇဝတ်မှုတွေကို သက်သေအထောက်အထား စုဆောင်းတာဟာ အသွင်းကူးပြောင်းရေးကာလ တရားမျှတမှုမှာ ကျူးလွန်သူတွေကို တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေဖို့အတွက် အရေးပါတဲ့ အခန်းကဏ္ဍတခုဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကောင်စီရဲ့ ပြည်သူ့အပေါ် ပစ်မှတ်ထားတိုက်ခတ်မှုတွေကို ရပ်တန့်စေဖို့ နိုင်ငံတကာက သံတမန်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အဘက်ဘက်က ဖိအားပေးဖို့လည်း တောင်းဆိုထားတာ တွေ့ရပါတယ်။

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်း မှတ်တမ်းဖော်ပြချက်များ

## ၁။ ရွှေဝါရောင်ဆရာတော်ဦးပညာဇောတကို စစ်ကောင်စီမှ အမှုဖွင့်အရေးယူ

ရွှေဝါရောင်အရေးအခင်းမှာ ဦးဆောင်ဆရာတော် တပါးဖြစ်တဲ့ ဦးဇင်းနတ်ဇောလို့ လူသိများတဲ့ အမေရိကန်နိုင်ငံသား ဆရာတော် ဦးပညာဇောတကို စစ်ကောင်စီက ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅-က၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) နဲ့ အမှုဖွင့် အရေးယူပြီးတော့ အင်းစိန်ထောင်မှာ ထိန်းသိမ်းထား ကြောင်း မီဒီယာဖော်ပြချက်များအရ သိရှိရပါတယ်။ ဆရာတော် ဦးပညာဇောတဟာ ဒကာ၊ ဒကာမများရဲ့ ဖိတ်ကြားချက်နဲ့ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာမှာ သိမ်ကျောင်း ဆောက်လုပ်လှူဒါန်းတဲ့ ပန္နက်တင်ပွဲသို့ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှာ ရှိတဲ့ မြန်မာသံရုံးကနေ တရားဝင် ဗီဇာလျှောက်ပြီး ကြွရောက်ခဲ့ပေမဲ့ တပတ်ခန့်အကြာ နိုဝင်ဘာ ၁၃ ရက်နေ့မှာ ရန်ကုန်၊ အင်းစိန်မြို့နယ်မှာ စစ်ကောင်စီတပ်ဖွဲ့တွေ ဖမ်းဆီးတာ ခံလိုက်ရတာဖြစ်ပါတယ်။ အခုချိန်အထိ စစ်ကောင်စီဘက်က ဆရာတော်ဦးပညာဇောတကို ဘာကြောင့် ဖမ်းဆီးထိန်းသိမ်းပြီး တရားစွဲတယ်ဆိုတာကို တရားဝင် သတင်းထုတ်ပြန်ထားတာ မရှိသေးပါဘူး။ စစ်ကြောရေးမှာ စစ်ဆေးပြီးတဲ့နောက် ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ဆရာတော် ဦးပညာဇောတကို ဒီဇင်ဘာ ၅ ရက်နေ့ မင်္ဂလာဒုံမြို့နယ် ခရိုင်တရားရုံးမှာ တကြိမ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ အင်းစိန်ထောင်တွင်း တရားရုံးမှာ တကြိမ်ရုံးထုတ်ခဲ့ပေမဲ့ ထူးခြားမှု တစ်စုံတစ်ရာမရှိဘဲ ဒီဇင်ဘာလ ၁၆ ရက်နေ့ကို ရုံးချိန်းထပ်ပေးလိုက်တယ်လို့ ဆရာတော်ရဲ့ မိတ်ဆွေ အရှင်ထာဝရက မီဒီယာတွေမှာ မိန့်ကြားထားပါတယ်။ ဆရာတော် ဦးပညာဇောတဟာ သက်တော် ၆၄ နှစ်၊ ဝါတော် ၄၄ ဝါရှိပြီဖြစ်ပြီး ဆီးချိုရောဂါ နံပါတ် သုံး အဆင့် ခံစားနေရသူဖြစ်တဲ့အတွက် ဆေးဝါးကုသမှု လုံလုံလောက်လောက် မရရှိဘူးဆိုရင် ကျန်းမာရေးအတွက် စိုးရိမ်ရတဲ့ အနေအထားမှာ ရှိနေပါတယ်။

## ၂။ နေပြည်တော် နှင့် မန္တလေးတွင် စစ်သားသစ် စုဆောင်းနေသော စစ်ကောင်စီ

ရခိုင်အပါအဝင် မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ စစ်စခန်းနဲ့ မြို့ရွာတွေ လက်လွှတ်ဆုံးရှုံးနေတဲ့ စစ်ကောင်စီက စစ်သားသစ် အင်အားဖြည့်တင်းဖို့အတွက် နေပြည်တော်နဲ့ မန္တလေးမှာ အဓမ္မ စစ်သားသစ်စုဆောင်းနေကြောင်း မီဒီယာတွေမှာ ဖော်ပြလျက်ရှိပြီး ဆိုရှယ်မီဒီယာမှာလည်း ပျံ့နှံ့နေပါတယ်။ စစ်ကောင်စီလက်အောက်ခံ MRTV မီဒီယာမှာ နိုင်ငံသားတိုင်း စစ်မှုထမ်းဖို့ လှုံ့ဆော်နေသလို နေပြည်တော်မှာ ဒီဇင်ဘာလအစမှာကတည်းက ဧည့်စာရင်း ဝင်စစ်တဲ့နည်းနဲ့ အိမ်တိုင်ရာရောက် စစ်သားသစ် စုဆောင်းနေတဲ့အတွက် လူငယ်တွေ အိမ်မှာ မနေရဲဘဲ တိမ်းရှောင်နေကြရပါတယ်။ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ စတဲ့ ရှစ်မြို့နယ်က နေပြည်တော် အစွန်အဖျားရွာတွေမှာ ဧည့်စာရင်းစစ်ပြီး အသက်အရွယ်အရ အကျုံးဝင်သူများကို စစ်မှုထမ်းခေါ်ယူနေတဲ့အတွက် သွားယောက်ျားလေးရှိတဲ့ ဒေသခံတွေမှာ အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်တွေကို မယုံကြည်ဖြစ်ကာ ညအချိန် အိမ်တံခါးကိုတောင် အလျင်စလို မဖွင့်ပေးရဲတဲ့ အနေအထားထိ ဖြစ်နေပြီး ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်ရှိ ရပ်ကွက်တချို့မှာလည်း အိမ်ထောင်စုဇယား ပုံစံ (၆၆) ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ သွားရောက်ပေးရပြီး စစ်မှုထမ်းအကျုံးဝင်တဲ့ အမျိုးသား

တွေနှင့်အမျိုးသမီးတွေကို စာရင်းမှတ်ယူတာကို သိရှိရပါတယ်။ အလားတူပဲ မန္တလေးမြို့မှာလည်း ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်နေ့ထိ မြို့နယ် ခုနစ်ခုက လူငယ် ၁၂၅ ဦးကို စစ်မှုထမ်းဥပဒေကြောင့် မတရားဖမ်းဆီးခံခဲ့ရကြောင်း ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ မန္တလေးသပိတ်အင်အားစုက ထုတ်ပြန်ခဲ့ပါတယ်။ စစ်မှုထမ်းဖို့ ခေါ်ဆောင်ခံရတဲ့ သူတွေဟာ နေအိမ်တွေမှာ ညအချိန်မတော်နဲ့ မနက်ဝေလီဝေလင်းမှာ လာရောက်ခေါ်ဆောင်ခံရတာ၊ ဧည့်စာရင်းအကြောင်းပြပြီးဝင်ရောက်ရှာဖွေဖမ်းဆီးတာအပြင် ညအချိန်မတော်သွားလာသူတွေနဲ့ နေ့လယ်ပိုင်း အလုပ်သွားအလုပ်ပြန် လူငယ်တွေကိုပါ ပစ်မှတ်ထားဖမ်းဆီးတာတွေ ရှိလာပြီး ရပ်ကွက်အတွင်းနေထိုင်သူတဲ့ကြံ့ခိုင်ရေးပါတီဝင်များ၊ စစ်ကောင်စီက လက်နက်တပ်ဆင်ပေးထားတဲ့ ပြည်သူ့စစ် ခေါ် ပျူစောထီးများ၊ အုပ်ချုပ်ရေးမှူးများ၊ စစ်ကောင်စီတပ်ဖွဲ့ဝင်များပူးပေါင်းကာ လှည့်လည်ဖမ်းဆီးနေတာ သိရှိရပါတယ်။ လက်ရှိမှာ စစ်ကောင်စီက စစ်မှုထမ်းသင်တန်း အပတ်စဉ် ၇ ကို ဖွင့်လှစ်နေပြီး ရှေ့အပတ်စဉ်တွေရဲ့သင်တန်းဆင်းပွဲတွေလည်း ပြုလုပ်လျက်ရှိနေပါတယ်။

## ၃။ ဆေးဝါးကုသခွင့်မရရှိသည့်အတွက် သေဆုံးခဲ့ရသော မုံရွာရဲစခန်းက နိုင်ကျဉ်းတဦး

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ စစ်ကိုင်းတိုင်း၊ မုံရွာ မြို့မ ရဲစခန်းမှာ ချုပ်နှောင်ခံရပြီး တရားရင်ဆိုင်နေရတဲ့ နိုင်ငံရေး အကျဉ်းသား ဘုံဘုံဟာ ဆေးဝါးကုသခွင့် မရခဲ့တဲ့အတွက် ကျောက်ကပ်ရောဂါနဲ့ သေဆုံးသွားကြောင်း မီဒီယာများတွင် ဖော်ပြထားပါတယ်။ နိုင်ကျဉ်းဖြစ်သူဘုံဘုံဟာ LGBT အဖြစ် ခံယူထားသူ ဖြစ်ပြီး အာဏာသိမ်းစစ်တပ်ကို ဆန့်ကျင်မှုနဲ့ နှစ်ကြိမ်မြောက် ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်မှာ ပုဒ်မ ၅၀၅ (က) နဲ့ ထောင်ဒဏ် နှစ်နှစ်ချမှတ်ခံခဲ့ရပြီး မုံရွာထောင်၊ မြင်းခြံထောင်တို့မှာ ချုပ်နှောင်ခံခဲ့ရကာ ၂၀၂၂ မှာ ပြန်လည်လွတ်မြောက်ခဲ့ပါတယ်။ အဲ့ဒီနောက်မှာ တခြား နိုင်ငံရေး အကျဉ်းသားတွေနဲ့အတူ PPNM ဖွဲ့စည်းစဉ် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီးနိုင်ငံရေး အကျဉ်းသားများအရေး၊ စစ်အာဏာရှင်ဆန့်ကျင်ရေးကိစ္စများကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှာ မုံရွာမြို့ အောင်ဇေယျရပ်ကွက်မှာ ထပ်မံဖမ်းဆီးခံခဲ့ရပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀ (ည)၊ ၅၂ (က)၊ ၅၂ (ခ) တို့နဲ့ အမှုဖွင့်ကာ ရဲစခန်းအချုပ်ထောင်မှာပဲ ဆက်လက်ချုပ်နှောင်ထားခဲ့ပါတယ်။ ၁၀ လကြာ ချုပ်နှောင်ပြီးတဲ့နောက် ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ မုံရွာမြို့နယ်တရားရုံးက ပုဒ်မသုံးခုအတွက် ထောင်ဒဏ် ၁၀နှစ်ကျခံစေရန် အမိန့်ချလိုက်တာဖြစ်ပြီး ရဲစခန်းတွင် ဆက်လက်ချုပ်နှောင်ထားခဲ့ပါတယ်။ နိုင်ကျဉ်းဖြစ်သူ ဘုံဘုံဟာဟာ နိုဝင်ဘာလ ဒုတိယအပတ်ကစပြီး ကျောက်ကပ်ရောဂါကို ပြင်းပြင်းထန်ထန် ခံစားနေခဲ့ရတာပြီး ဆေးဝါးကုသခွင့်ရဖို့ စခန်းတာဝန်ရှိသူတွေကို တင်ပြခဲ့ပေမဲ့ ဆေးရုံကို ပို့ပေးတာမျိုးမရှိဘဲ အချုပ်ခန်းထဲမှာပဲ ဆလိုင်းချိတ်ပေးကာ ဆက်လက်ချုပ်နှောင်ထားခဲ့ပြီး ဒီဇင်ဘာ ဒုတိယအပတ်ထဲမှာတော့ လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်၊ အစာမာတာတွေ မစားနိုင်တော့တဲ့အပြင် ကျန်းမာရေးအခြေအနေ ဆိုးဝါးလာခဲ့ပြီး အချုပ်ခန်းထဲမှာ ကျဆုံးခဲ့ရတယ်လို့ PPNM ရဲ့ သတင်းထုတ်ပြန်ချက်ကို မီဒီယာဖော်ပြမှုမှတဆင့် သိရှိရပါတယ်။

မြန်မာနိုင်ငံက အကျဉ်းထောင်တွေနဲ့ ရဲစခန်းတွေမှာ အကြမ်းဖက်နှိပ်စက်တာ၊ ဆေးဝါးအလုံအလောက် ကုသခွင့် မရတာ၊ ထောင်ဝင်စာ ဧည့်တွေ့ခွင့် မရတာ စတဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနဲ့ ကြုံတွေ့နေရတာဖြစ်ပြီး ယခုကဲ့သို့သောဖြစ်ရပ်များစွာနဲ့ ရင်ဆိုင်နေရပါတယ်။

## ၄။ နာမည်ကြောင့် ပိတ်သိမ်းခံခဲ့ရသော ‘မုဆိုးမတို့ရွာ’ အမည်ရ မုန့်ဟင်းခါးဆိုင်

ဒီဇင်ဘာလ ၂၉ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့တဲ့ “မုဆိုးမတို့ရွာ” အမည်ရ မုန့်ဟင်းဆိုင်ဟာ ဝင်ရောက်ဖျက်ဆီးခံရပြီး ပိတ်သိမ်းလိုက်ရကြောင်း သတင်းမီဒီယာများနဲ့ လူမှုကွန်ရက်စာမျက်နှာမှာ ကျယ်ကျယ်ပြန့်ပြန့် ရေပန်းစားနေပါတယ်။ မီဒီယာဖော်ပြချက်မှာတော့ အုပ်ချုပ်ရေးနဲ့ စည်ပင်သာယာရေးဌာန ဝန်ထမ်းတွေ ရောက်လာပြီး ပိတ်သိမ်းခိုင်းခဲ့တာလို့ ဖော်ပြထားပြီး လာစစ်ဆေးတဲ့အချိန်မှာ လုပ်ငန်းလိုင်စင်မရှိဘဲ ဖွင့်ထားတာကြောင့် လိုင်စင်လျှောက်ထားရမယ်ဆိုပြီး ဆက်ဖွင့်ခွင့် မပေးတာ ဖြစ်ပါတယ်။ ဆိုင်မဖွင့်ခင်ကတည်းက ထူးခြားတဲ့ နာမည်ကြောင့် လူမှုမီဒီယာမှာ လူသိများနေပြီး ဆိုင်ရဲ့ Facebook page မှာလည်း ခင်ပွန်းသည်ဆုံးပါးထားတဲ့ မုဆိုးမတွေ ဦးစီးဖွင့်လှစ်ထားတာကြောင့် ယခုကဲ့သို့ အမည်ပေးရခြင်းဖြစ်ကြောင်းလည်း ရေးသာထားးတာ တွေ့ရပါတယ်။ ဒ့ါအပြင် သတင်းဌာနတချို့ကလည်း “တိုက်ပွဲကျ DSA ကျောင်းဆင်း ‘ဗိုလ်မှူးကောင်းမြတ်စိုး မိန်းမဖွင့်လှစ်သည့် မုဆိုးမတို့ရွာ မုန့်ဟင်းခါးဆိုင်လို့ မှားယွင်းဖော်ပြခဲ့ပြီး မုဆိုးမတို့ရွာ မုန့်ဟင်းခါးဆိုင်ကို ဦးဆောင်ဖွင့်လှစ်သူ ဒေါ်အေးအေးခိုင်ရဲ့ ခင်ပွန်းဖြစ်သူမှာ စစ်တပ်နဲ့ ပတ်သက်ခြင်း မရှိတဲ့ အရပ်သားတဦးသာ ဖြစ်ကြောင်း သိရှိရတဲ့အတွက် သတင်းအချက်လက်များ မှားယွင်းမှုအတွက် အမှားပြင်ဆင်ပြန်လည်ဖော်ပြမှုများလည်း ရှိနေပါတယ်။ မန္တလေးမြို့မှာ အနယ်နယ်အရပ်ရပ်က ရောက်ရှိနေတဲ့ စစ်ဘေးရှောင်မိသားစုတွေက စားသောက်ဆိုင်များ ဖွင့်လှစ်လျက်ရှိပြီး ယခုဆိုင်မှာ လိုင်စင် အကြောင်းပြချက်နဲ့ ပထမဆုံး လူသိရှင်ကြား ပိတ်ပင်ခံရတဲ့ဆိုင် ဖြစ်ပါတယ်။